# (ခ) လက်တွေ့လမ်းညွှန်ချက် - တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေး - ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း အဆောက်အဦးအတွင်း ရှိနေပါက

**❗ ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း အဆောက်အဦးအတွင်း ရှိနေပါက လုပ်ဆောင်သင့်သည့် တစ်ကိုယ်ရည် ဘေးကင်းလုံခြုံရေးဆိုင်ရာ အဓိကအချက်များ**

- အကာအကွယ်ယူပါ။ အကောင်းဆုံးမှာ မိမိနှင့် အဆောက်အဦးအပြင်ဖက်ကြားတွင် နံရံနှစ်ခု ရှိပါစေ။
- ပြတင်းပေါက်အပြင်သို့ ထွက်မကြည့်ပါနှင့်။
- မီးလောင်နိုင်သည့် အန္တရာယ်ရှိသည့် ပစ္စည်းများနှင့် ဝေးဝေးနေပါ။

တစ်ကိုယ်ရည်ဘေးကင်းရေး
**ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း အဆောက်အဦးအတွင်း ရှိနေပါက လုပ်ဆောင်ရန် လမ်းညွှန်ချက်**
ဤအစီအမံများသည် မိမိဘေးကင်းလုံခြုံရေးအတွက် အာမမခံနိုင်ပေ။ အမျိုးမျိုးသော ဘေးအန္တရာယ်ဖြစ်နိုင် ချေများကိုလည်း ဆန်းစစ်ပြီး သင့်တင့်မျှတအောင် လုပ်ဆောင်သင့်သည်။

| ဆောင်ရန် | ရှောင်ရန် |
| --- | --- |
| အကောင်းဆုံးမှာ အပြင်ဖက်နှင့် မိမိအကြား နံရံအခိုင်အမာနှစ်ထပ်ရှိနိုင်မည့် အခန်းကို ရှာပါ။ | **ပြတင်းပေါက်အပြင်သို့ မကြည့်ရပါ။** |
| ခိုင်မာသော ပရိဘောဂများဖြစ်သည့် စားပွဲခုံများ (သို့) ကုတင်များကို ဗုံးစများမှ အကာအကွယ်ယူရန် အကာအကွယ်အဖြစ် အရေးပေါ်အသုံးပြုနိုင်သည်။ | **လွင့်စင်နိုင်သဖြင့် ပြတင်းပေါက်များ (သို့) သစ်သားတံခါးများမှ အဝေးတွင်နေပါ။** |
| ရနိုင်ပါက သတ္တုအုတ်ပါသည့် မွေ့ယာများသည် အပူချိန်အာရုံခံကင်မရာပါသည့် မောင်းသူမဲ့လေယာဉ်များမှ အနည်းငယ်ကာကွယ်မှုပေးနိုင်သည်။ | **စောင်များသည် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုခံရစဉ်အတွင်း ထိရောက်စွာ အကာအကွယ်မပေးနိုင်ပါ။** |
| ပြတင်းပေါက်များမှ အဝေးတွင်နေရမည် ဆိုသော်လည်း ဘေးကင်းပါက ခန်းဆီးနှင့် အကာများပိတ်ခြင်း (သို့) အတားအဆီးများတပ်ဆင်ခြင်းတို့ ပြုလုပ်နိုင်သည်။ | **မိမိကိုယ်ကို ပြတင်းပေါက်အနီး (သို့) အပြင်သို့ထွက်နိုင်သော အပေါက်များအနီးတွင် မရှိပါစေနှင့်။** |
| လူအများ ပုန်းခိုရန် ပုံမှန်အသုံးပြုမည့်နေရာဖြစ်ပါက မှန်စများ လွင့်စင်ခြင်းကို နည်းပါးစေမည့် ဗုံးဒါဏ်ခံ အလွှာများ၊ duct tape များကို ပြတင်းပေါက်များတွင် ကပ်ပါ။ | **ဗုံးဒါဏ်ခံ အလွှာများ၊ duct tape များကို ပြတင်းပေါက်များကပ်ထားပြီး ဖြစ်သော်လည်း မှန်စများ လွင့်စင်နိုင်သေးသည့်အတွက် ပြတင်းပေါက်အနီးတွင် ပုန်းခိုခြင်း မပြုရပါ။** |
| မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရမှုအတွင်း | **အနီးနားတွင် ပေါက်ကွဲမှု (သို့) မီးလောင်မှုကြောင့်** |

| | |
|---|---|
| နောက်ဆက်တွဲအန္တရာယ်များဖြစ်သည့် မိုင်းလောင်ကျွမ်းခြင်း (သို့) ပေါက်ကွဲခြင်းများ ဖြစ်နိုင်သည်ကို သတိရှိပါ။ | **အောက်ဆီဂျင် ဆလင်ဒါအိုးများ ပေါက်ကွဲနိုင်သဖြင့် ၎င်းအနီးအနားတွင် မပုန်းခိုသင့်ပါ။** |
| ပုန်းခိုစရာနေရာမှ အနည်းဆုံးထွက်ပေါက် (၂)ခု ရှိစေရန် သေချာအောင် လုပ်ဆောင်ထားပါ။ | **ပစ်မှတ်ထားခံရနိုင်သဖြင့် အဆောက်အအုံ၏ အထက်ပိုင်း အလွှာများတွင် မနေပါနှင့်။** |

**အောက်ပါ လမ်းညွှန်ချက်တစ်ခုချင်းစီကို သီးခြားစာစောင်အနေဖြင့် ဖတ်ရှုနိုင်သည် -**

**လက်တွေ့လမ်းညွှန်ချက် - တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေး - အပြင်ဖက်တွင် ရှိစဉ် ဒရုန်းဖြင့် ရင်ဆိုင်ရပါက**

**လက်တွေ့လမ်းညွှန်ချက် - တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေး - ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း အဆောက်အဦးအတွင်း ရှိနေပါက**

**လက်တွေ့လမ်းညွှန်ချက် - ခရီးသွားလာနေစဉ် ဒရုန်းဖြင့် တိုက်ခိုက်ခြင်းများနှင့် စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းရန်**

**လက်တွေ့လမ်းညွှန်ချက် - အကူအညီပေးရေးလုပ်ငန်းများအား ဒရုန်းဖြင့် တိုက်ခိုက်ခြင်းများနှင့် စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းရန်**

| | | |
|---|---|---|
| ပြင်သစ်ဘာသာဖြင့် ဤလမ်းညွှန်ချက်ကို ဒေါင်းလုဒ်လုပ်ပါ။ | ဤလမ်းညွှန်ချက်ကို အင်္ဂလိပ်ဘာသာဖြင့် ဒေါင်းလုဒ်လုပ်ပါ။ | ဤလမ်းညွှန်ချက်ကို အာရဗီဘာသာဖြင့် ဒေါင်းလုဒ်လုပ်ပါ။ |

Insecurity Insight အဖွဲ့မှ ၄င်းတို့၏ ဇန်နဝါရီလ (၂၀၂၅)ခုနစ်ထုတ် အစီရင်ခံစာ (*Hovering Threats: The Challenges of Armed Drones in Humanitarian Contexts*) ထုတ်ပြန်ပြီးနောက် ဥရောပသမဂ္ဂ၏ အကူအညီဖြင့် ဤစာတမ်းကို ပြုစုခြင်းဖြစ်သည်။ ဤစာတမ်းကို အခြေခံ၍ ပြုလုပ်သော ဆုံးဖြတ်ချက်အားလုံးသည် ထိုသို့ ဆုံးဖြတ်ရာ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၏ တာဝန်သာဖြစ်သည်။

ဤစာတမ်းကို ကိုးကားရာတွင် ရည်ညွှန်းအသုံးပြုရန်မှာ - Insecurity Insight. 2025. Sudden Threats from the Sky: Security Measures against Drone Strikes, May 2025. Switzerland: Insecurity Insight. https://bit.ly/SRMDronesAidInsideMY

Insecurity Insight
Data on People in Danger

H2H Network
Humanitarian Action Support

Insecurity Insight
Data on People in Danger

UK International Development
Partnership | Progress | Prosperity

insecurityinsight.org